သို့

ပြည်ထောင်စုဝန်ကြီး

စီမံကိန်းဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

နေပြည်တော်။

ရက်စွဲ။ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်

အကြောင်းအရာ။ ။ နိုင်ငံသားများအပေါ်၊ မေတ္တာ ဂရုဏာရှေ့ထား၍ ဆောင်ရွက်ပေးပါသော ပျော်ဘွယ်မြို့၊ မြန်မာ့စီးပွားရေးဘဏ်မှ အရာထမ်း အမှုထမ်းများ၊ ပျော်ဘွယ်မြို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ အရာထမ်း အမှုထမ်းများ၏ မေတ္တာကရုဏာရှေ့ထား၍ ဆောင်ရွက်ပေးမှုများအား တင်ပြခြင်း။

ကျွန်တော်သည်ပျော်ဘွယ်မြို့နယ်မှ အသက် (၈၂)နှစ်ရှိ၊ ပညာရေးဌာနနှင့် နိုင်ငံရေးပင်စင်စား ဖြစ်ပါသည်။ ရှမ်းပြည်တောင်ပိုင်းရွှေညောင်မြို့တွင် နေထိုင်သူ၊ ကျွန်တော်၏သားမှ ၂၀၁၈-ခုနှစ်တွင် ဝယ်ပေးထားသော၊ ကုမ္ပဏီအမည် ပေါက်ဟိုက်ဂျက်ကားကို၊ မိမိအမည်ပေါက်၊ နှင့်သက်တမ်းတိုး ၊ လိုင်စင် လုပ်ရန်ဖြစ်သော်လည်း၊ ငွေကြေး မပြည့်စုံသောကြောင့်မလုပ်ခဲ့ရသေးပါ။

ယခုအခါတွင် နိုင်ငံတော်အစိုးရမှ အခွန်ထမ်းဆောင်ရမည်များကို ဖြေလျှော့ပေးနေခြင်း၊ ဝင်ငွေ လစာရရှိသူများကို၊ ထိုဝင်ငွေလစာများကိုတွက်ချက်၍ အခွန်ဖြေလျှော့ပေးခြင်း များပြုလုပ်ပေးပြီး၊ ကားလိုင်စင် သက်တမ်းတိုးနှင့်၊ အမည်ပေါက် ပြောင်းလျှင်၊ အခွန်သက်သာမည်ဟုကြားသိရပါ၍ ပျော်ဘွယ်မြို့ ပြည်တွင်းအခွန်ဦးစီးဌာနရုံးသို့ သွားရောက်တင်ပြစုံစမ်းရာ၊ အခွန်ဦးစီးမှူးမှ ကျွန်တော့်အား ပျူငှာဌာ ဖြင့်စိတ်ရှည်စွာ ရှင်းပြပါသည်။

အဘအသက်ကြီးပြီဖြစ်၍ မလာပါနှင့်မြန်မာ့စီးပွားရေးဘဏ် ပင်စင်ထုတ်ရာဌာနမှ ပင်စင်ရရှိမှု စုစုပေါင်းရငွေစာရင်းကိုဘဏ်မန်နေဂျာမှ ထောက်ခံစာရလျှင် ဆောင်ရွက်ပေးပါမည်ဟုပြောပြပါသည်။


ဤကဲ့သို့ မေတ္တာ၊ ကရုဏာရှေ့ထားပြီး ယဉ်ကျေးစွာပြောဆိုပါသဖြင့် ကျွန်တော်တို့လို၊ ဆင်းရဲသား သက်ကြီးရွယ်အိုပင်စင်စားများကို စိတ်ရှည်စွာဆက်ဆံပြောဆိုပါသော အရာထမ်း၊ အမှုထမ်းများကို သိခွင့်၊ ဆက်ဆံခွင့်ကြုံကြိုက်မှုမျိုးကို၊ ခံစားရပါသော၊ ကျွန်တော် ပညာရေးနှင့် နိုင်ငံရေးပင်စင်အငြိမ်းစား(၈၂)နှစ်သည် လွန်စွာမှ စိတ်ချမ်းသာဖြစ်ရပြီး ကျေနပ်နှစ်သိမ့်လှပါတော့သည်။

အလားတူ ကျွန်တော်ပင်စင်လစာထုတ်ယူနေသော ပျော်ဘွယ်မြို့ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ကြီးနှင့်ဝန်ထမ်းများထံ၊ ပင်စင်ထုတ်ယူခဲ့ပြီးသော ယနေ့အထိစုစုပေါင်းငွေစာရင်းကို၊ ကျွန်တော့်အား၊ ထောက်ခံစာပေးပါရန်တင်ပြရာ၊ မန်နေဂျာကြီးနှင့်ဝန်ထမ်းများမှလည်း ငွေသွင်းငွေထုတ်အလုပ်များ အလွန် အလုပ်ရှုပ်နေသည့်ကြားမှ၊ နောက်တစ်ရက် (၉. ၉. ၂၀၂၀)မှာလာခဲ့ပါ၊ သားသမီးတစ်ယောက်ယောက် ကိုစေလွှတ်အယူခိုင်းပါ အသက်ကြီးသူဖြစ်နေ၍အခွန်ဦးစီးရုံးကို၊ သည်က ဝန်ထမ်းတစ်ယောက်အပို့ခိုင်း ပေးလည်းရပါသည်ဟု မေတ္တာကရုဏာနှင့်ပြောပြဆောင်ရွက်ပေးပါသည်။

ဤကဲ့သို့ မည်မျှပင်ဘဏ်လုပ်ငန်းတွေရှုပ်နေလင့်ကစား၊ စိတ်ရှည်စွာဖြင့်၊ ဆောင်ရွက်ပေးပါသော ဘဏ်မန်နေဂျာနှင့် ဘဏ်ဝန်ထမ်းများအားလည်းများစွာကျေးဇူးတင်ပြီး အတိုင်းမသိသော ပီတိဖြစ်၍ လေးစားပါသည်။

(၁၀. ၉. ၂၀၂၀)ရက်နေ့တွင်၊ မြန်မာ့စီးပွားရေးဘဏ်နှင့်ပြည်တွင်းအခွန်ဦးစီးဌာနရုံးတို့မှ၊ အားလုံး ပြီးစီးအောင်ဆောင်ရွက်ပေးကြပါသဖြင့်၊ လွန်ခဲ့သော(၃)နှစ်၊ ၂၀၁၈-ခုနှစ်က၊ ကုမ္ပဏီမှဝယ်ထားသော ကျွန်တော့်အမည်ပေါက်မပြုလုပ်ရသေးသည်ကို၊ ယခုကိုယ်ပိုင်လိုင်စင်ပြုလုပ်နိုင်တော့မည်ဖြစ်ပါ၍ လွန်စွာ ဝမ်းသာပီတိဖြစ်ရပါသည်။

ထို့ကြောင့်၊ မြန်မာ့စီးပွားရေးဘဏ်နှင့်အခွန်ဦးစီးဌာနတို့မှ၊ အရာထမ်း၊ အမှုထမ်းများကို ကျွန်တော် အသက်(၈၂)နှစ်ရှိ သက်ကြီးရွယ်အိုပင်စင်စားတစ်ယောက်အား ပြည်ထောင်စုအစိုးရကိုယ်စားထောက်ထား ညာတာပြီး၊ မေတ္တာစေတနာနှင့်ဆင်းရဲချမ်းသာ၊ ရာထူးနိမ့်မြင့်မခွဲမခြားဘဲ၊ ဆောင်ရွက်ပေးမှုတို့၊ နိုင်ငံတော် အစိုးရပြည်ထောင်စုဝန်ကြီး ထံ တင်ပြအပ်ပါသည်။




စင်

ဦးခင်မောင်

အငြိမ်းစားပညာရေးဝန်ထမ်း

ပျော်ဘွယ်မြို့။

၉/ [illegible] ၂၀၂၁

မိတ္တူကို-

-နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်သမ္မတရုံး၊ နေပြည်တော်။

-နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ နေပြည်တော်။

-မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး၊ မန္တလေးမြို့။

-ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ရမည်းသင်းမြို့။

-ရမည်းသင်းခရိုင်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရမည်းသင်းမြို့။